# မြေပြိုဘေး

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

## မြေပြိုခါနီးဖြစ်တတ်သောလက္ခဏာများ

မတ်စောက်တဲ့ တောင်စောင်း၊
တောင်အစွန်း၊
တောင်ကြားနဲ့
ကမ်းပါးတွေမှာ
နေထိုင်ခြင်း မပြုပါနဲ့။



- မိမိတို့၏ နေအိမ်များ၌ တံခါးများဖွင့်ပိတ်ရာတွင် ကြပ်လာခြင်း။
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊ အောက်ခြေအုတ်နံရံများအက်ကွဲခြင်း။
- ခြံစည်းရိုးများ နေရာရွေ့လာခြင်း၊ စောင်းလာခြင်း။
- ကွန်ကရစ်လမ်း(သို့မဟုတ်) မြေသားလမ်းတွေမှာ တဖြည်းဖြည်းအက်ကွဲကြောင်းဖြစ်ပေါ်လာခြင်း။
- အရင်ကရေမထွက်ဘူးတဲ့ အက်ကြောင်းတွေကနေ ရေစိမ့်ထွက်လာခြင်း။
- ဝင်းခြံတံတိုင်းတွေခြံစည်းရိုးတွေဓါတ်တိုင်တွေသစ်ပင်တွေယိမ်းယိုင်ရွေ့လျားလာခြင်း။
- မြေပြိုတဲ့အခါ အသံတိုးတိုးကြားရပြီး ကိုယ်နဲ့နီးလာရင် အသံကျယ်လာခြင်း။

## ကြိုတင်ကာကွယ်ရေး



သစ်ပင်တွေကို
အသစ်ပြန်စိုက်တာထက်
ရှိပြီးသားတွေကို မခုတ်တာက
ပိုထိရောက်တယ်။

- မတ်စောက်သော တောင်စောင်းများတွင် လှေကားထစ်စိုက်ပျိုးရေးနည်းဖြင့်စိုက်ပျိုးပါ။
- ဖြစ်နိုင်ပါက ရေဆင်းမြောင်းများကို စိုက်ခင်းအတွင်း ပြုလုပ်ရန်။
- လုံခြုံစိတ်ချရသော နေရာတွင်သာ နေအိမ်ဆောက်ပါ။ တောင်စောင်း၊ တောင်ကြားနဲ့ ကမ်းပါးများမှာနေထိုင်ခြင်း မပြုပါနှင့်။
- မြေဆီလွှာကို ထိန်းသိမ်းဖို့နဲ့ မြေဆီလွှာတိုက်စားမှုကိုကာကွယ်ဖို့ သစ်ပင်ကြီးတွေနဲ့အမြဲစိမ်းသစ်ပင်ပန်းပင်များ စိုက်ပါ။
- မြေပြိုခါနီးဖြစ်တတ်သော လက္ခဏာတွေကို သိအောင်လုပ်ထားပါ။ ၎င်းလက္ခဏာများတွေ့ရှိလျှင် ဘေးလွတ်ရာသို့ ရှောင်တိမ်းပါ။



## မြေပြိုပြီးနောက်ဘာတွေလုပ်ရမလဲ

- မြေပြိုတဲ့နေရာတစ်ဝိုက်မှာမနေပါနဲ့ နောက်ထပ်မြေပြိုမှုထပ်ဖြစ်လာနိုင်တာကိုသတိထားပါ။
- ထိခိုက်ဒဏ်ရာရသူများအား ကယ်ဆယ်ရေးအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်ပါ။
- လူနာများအား ရှေးဦးသူနာပြုနည်းဖြင့် ပြုစု၍ နီးစပ်ရာ ဆေးရုံ ဆေးခန်းသို့ပို့ပါ။
- အပျက်အစီးများအား ရှင်းလင်းပါ။
- မြေပြိုတဲ့နေရာမှာ မြေဆီလွှာပျက်စီးသွားလို့ သစ်ပင်များပြန်စိုက်ပါ။